

# အွန်လိုင်းပေါ်တွင် သိမ်းသွင်းဖြားယောင်းခြင်း

**အဓိပ္ပါယ်ဖွင့်ဆိုချက်များ။**

## အွန်လိုင်းပေါ်တွင် သိမ်းသွင်းဖြားယောင်းခြင်း

အွန်လိုင်းပေါ်တွင် သိမ်းသွင်းဖြားယောင်းခြင်းဆိုတာ လိင်မှုကိစ္စများတွင် ကလေးငယ်များ ပါဝင်လာစေရေးအတွက် ချောင်းမြောင်းရန်၊ လှည့်စားရန် သို့မဟုတ် လှုံ့ဆော်ရန် ရည်ရွယ်ချက်ဖြင့် အင်တာနက်ပေါ်တွင် ကလေးငယ်များနှင့် ဆက်ဆံရေးတခုထူထောင်ခြင်း ဖြစ်စဉ် ဖြစ်တယ်။

လိင်မှုကိစ္စများတွင် လိင်မှုဆိုင်ရာမလျော်မကန်ပြုသူနှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံပတ်သက်ခြင်းများ အပြင် ဝက်ဘ်ကင်မရာမှတဆင့် ကလေးသူငယ်များကို လိင်မှုဆိုင်ရာ မလျော်မကန်ပြုခြင်း သို့မဟုတ် ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုရာတွင် အသုံးပြုသည့်ပစ္စည်းများ ထုတ်လုပ်ခြင်း သို့မဟုတ် လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုရာတွင် အသုံးပြုသည့်ပစ္စည်းများအား ကိုယ်တိုင်ပြုလုပ် သုံးစွဲခြင်းများ ပါဝင်ပါတယ်။



## ဥပဒေဘောင်များ။

လန်ဇာရုတ် ညီလာခံမှာ သိမ်းသွင်းဖြားယောင်းခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ထားပါတယ်။

လန်ဇာရုတ် ညီလာခံမှာ </99 ကလေးငယ်တွေကို ပြည့်တန်ဆာပြုခြင်း သို့မဟုတ် ကလေးသူငယ် ညစ်ညမ်းပုံရိပ်တွေ ထုတ်လုပ်ဖို့ရည်ရွယ်ချက်နဲ့ ကလေးကို တွေ့ဆုံဖို့ အဆိုပြုကြိုးပမ်းခြင်းနဲ့ ပတ်သက်တဲ့ ပုဒ်မ (၂၃) ပါဝင်ပါတယ်။ ထပ်မံပြီး ကလေးတွေကို ဖျက်ဆီးခြင်း သို့မဟုတ် လိင်အလွဲသုံးပြုမှုခြင်း သို့မဟုတ် လိင်မှုကိစ္စကို မျက်မြင်ကိုယ်တွေ့ဖြစ်စေခြင်းကိုလည်း ပြစ်မှုအဖြစ် ပုဒ်မ (၂၂) အရ သတ်မှတ်ထားပါတယ်။

ထပ်မံပြီး ဆိုက်ဘာပစ်မှုနှင့် အချက်အလက်ဆိုင်ရာ ကာကွယ်မှု အာဖရိကန်အဖွဲ့ညီလာခံမှာ </102 ကလေးသူငယ်တွေကို ညစ်ညမ်းပုံရိပ်ပစ္စည်းတွေ ပေးခြင်း သို့မဟုတ် ထောက်ပံ့ပေးခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ထားပါတယ်။ သိမ်းသွင်းဖြားယောင်းတဲ့ ပစ္စည်းတွေကို ဒီပုဒ်မ (၂၉) (၃) (၁)( ဒီ) အရ ဖမ်းဆီးနိုင်ပါတယ်။

## လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသူတွေနဲ့ ၎င်းတို့ရဲ့လှုပ်ရှားမှုပုံစံ

လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသူတွေဟာ မူလအားဖြင့် ကလေးငယ်တွေပေါ် သူတို့ရဲ့ လိင်စိတ်ကိုင်းညွတ်မှု သို့မဟုတ် ငွေကြေးအရ မြတ်စွန်းမှုတို့ကြောင့် စတင်ပေါ်ပေါက်လာတတ်ပါတယ်။

လိင်နှောင့်ယှက်သူတွေဟာ တဦးချင်းဖြစ်စေ သို့မဟုတ် ကွန်ယက်ရဲ့ အစိတ်အပိုင်းအနေနဲ့ ဖြစ်စေ စီမံဆောင်ရွက်ပါတယ်။

လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသူတွေဟာ (ဥပမာ ကိုယ့်ကိုကိုယ် ယုံကြည်ချက်၊ မိဘတွေရဲ့ ထိန်းချုပ်မှု) စသည်ဖြင့် နစ်နာသူတို့ရဲ့ ရပ်တည်ရန်ခက်ခဲမှုကို အကဲဖြတ်ပြီး နစ်နာသူကို ပစ်မှတ်ထားပါတယ်။

ကလေးငယ်နဲ့ အဆက်အသွယ်ပြုခြင်းကို ယေဘုယျအားဖြင့် အွန်လိုင်းမှာ အစပြုပါတယ် (ဥပမာ စကားပြောခန်းတွေ၊ ကစားတဲ့နေရာတွေ၊ လူမှုဆက်ဆံရေးမီဒီယာနယ်ပယ်တွေ၊ ဒါပေမဲ့ အွန်လိုင်းမှာမဟုတ်တဲ့ အပြင်မှာလည်းပဲ သိမ်းသွင်းဖြားယောင်းမှုတွေ ဖြစ်ပေါ်တတ်ပါတယ်)

သိမ်းသွင်းဖြားယောင်းခြင်းတွေဟာ များသောအားဖြင့် ကလေးငယ်ရဲ့ ယုံကြည်မှုကိုရရှိဖို့ ကလေးနဲ့ စိတ်ခံစားမှုပိုင်းဆိုင်ရာ ဆက်သွယ်မှုကို တည်ဆောက်ထားခြင်းမျိုး ပါဝင်ပါတယ်။

သိမ်းသွင်းသူတွေဟာ ကလေးရဲ့အခြားရွယ်တူတွေ၊ မိသားစုဝင်တွေနဲ့ ကြီးမားတဲ့ အတိုင်းအတာအားဖြင့် အသိုင်းအဝိုင်းကိုပါ သိမ်းသွင်းဖြားယောင်းတတ်ပါတယ်။

သိမ်းသွင်းဖြားယောင်းခြင်း အပြုအမူတွေမှာ </68><69ကလေးရဲ့ လိုအပ်မှုတွေကို ဖြည့်ဆည်းပေးခြင်းအားဖြင့် လည်းကောင်း (ဥပမာ အာရုံစိုက်မှုနဲ့ လက်ဆောင်တွေပေးခြင်း) စိတ်ပိုင်းဆိုင်ရာ အတင်းအကြပ်တိုက်တွန်းခြင်း၊ လှည့်ဖျားခြင်း၊ လိင်ပိုင်းဆိုင်ရာ ပညာပေးခြင်း၊ ကလေးကို ယဉ်ပါးလာအောင်ပြုလုပ်ခြင်းတို့ လည်းကောင်း ပါဝင်တတ်ပါတယ်။

လိင်နှောင့်ယှက်သူတွေဟာ ကလေးကို လိင်မှုကိစ္စတွေမှာ ပါဝင်လာဖို့ တခြားသူတဦးတယောက်အဖြစ်လည်း ဟန်ဆောင်နိုင်ပါတယ်။

လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသူဟာ ကလေးနဲ့ ပတ်သက်မှုကို လိင်မှုဆိုင်ရာကိစ္စရပ်ဆီ တဆင့်ပြီးတဆင့် ဦးတည်သွားတတ်ပါတယ်။

လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသူဟာ ကလေးရဲ့ ပါဝင်ပတ်သက်မှုနဲ့ တိတ်တိတ်ဆိတ်ဆိတ်နေခြင်းကို ထိန်းသိမ်းထားဖို့ သီးခြားနေခြင်း၊ လျှို့ဝှက်ထားခြင်းနဲ့ အပြစ်တင်ခြင်းနည်းလမ်းတွေကို အသုံးပြုတတ်ကြတယ်။

## သင် ဘာလုပ်နိုင်သလဲ။

- အွန်လိုင်းမှာ သိမ်းသွင်းဖြားယောင်းခြင်း အပြုအမူကို ပြစ်မှုမြောက်အောင်လုပ်နိုင်ဖို့ အားကောင်းတဲ့ ဥပဒေဘောင်ဖြစ်လာအောင် လှုပ်ရှားလှုံ့ဆော်ရပါမယ်။
- ဥပဒေလိုက်နာရေးကြီးကြပ်မှုအတွက် ပိုကောင်းမွန်တဲ့ ရင်းမြစ်တွေ (ဥပမာ အွန်လိုင်း သိမ်းသွင်းဖြားယောင်းမှု ကိစ္စကို ဆောင်ရွက်နိုင်ဖို့ ပေးအပ်ထားတဲ့ လုပ်နိုင်စွမ်းအားနဲ့ ကိရိယာတွေ) ရရှိဖို့ လှုပ်ရှားလှုံ့ဆော်ရပါမယ်။
- ကလေးတွေအတွက် လုံခြုံတဲ့စိတ်ချရတဲ့ အွန်လိုင်းပတ်ဝန်းကျင်ကို ပေးနိုင်ဖို့ အရေးယူဆောင်ရွက်မှုတွေကို အကောင်အထည်ဖော်ဖို့အတွက် အင်တာနက်ဝန်ဆောင်မှုပေးသူတွေလို ပုဂ္ဂလိကအပိုင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး လှုပ်ရှားလှုံ့ဆော်ရပါမယ်။
- သိမ်းသွင်းဖြားယောင်းမှုတွေနဲ့ ပတ်သက်ပြီး အသိပညာပေးပြီး သတိပြုမိမှုတွေ မြင့်တက်လာအောင် ပြုလုပ်ပါ။
- အွန်လိုင်းမှာ သိမ်းသွင်းဖြားယောင်းခြင်း ကိစ္စရပ်တွေကို ပိုနားလည်လာနိုင်စေဖို့ ဆီလျော်တဲ့ သတင်းအချက်အလက်တွေကို စုစည်းပြီး သုတေသနပြုလုပ်ပါ။
- အွန်လိုင်းမှာ သိမ်းသွင်းဖြားယောင်းတတ်သူတွေက ကလေးငယ်တယောက်ကို ပစ်မှတ်ထားနေတဲ့ အနေအထားမျိုးကို သတိပြုမိတဲ့အခါမျိုးမှာ သတင်းပို့ပါ။
- နစ်နာသူဖြစ်နေသူများကို ဂရုစိုက်ပေးပြီး ကူညီထောက်ပံ့ပါ။

အွန်လိုင်းတွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အသုံးချမှု သရုပ်သကန် အချက်အလက်စာရွက် (အီးပက်နိုင်ငံတကာ အဖွဲ့အစည်းမှ ဖန်တီးသည်။)
ဘာသာပြန်ခြင်းနှင့် ထုတ်ဝေခြင်းအတွက် ယူနီစက်ဖ် မှ ပံ့ပိုးကူညီပါတယ်။